# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်စောင်

ဤစကားများကို သင်သည် ညီအစ်ကိုတို့အား ကြားပြောလျှင် ယုံကြည်ချက်စကား၊ ကိုယ်တိုင် ရှာဖွေလေ့ကျက်သော သမ္မာဩဝါဒ စကားနှင့် မွေးမြူခြင်းကိုခံသော ယေရှုခရစ်၏ ဓမ္မဆရာကောင်း ဖြစ်လိမ့်မည်။၊ ၁တိ ၊ ၄–၆

အမှတ်စဉ် (၅၆) ဧပြီလ ၂၀၀၆ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## ခြေတော်ရာ



ပြစ်သားကို ချစ်လွန်းလို့ ၊ ချစ်သားကို နစ်မွန်းဖို့ စွန့်ခဲ့
ဖဘုရားရဲ့ မဟာမေတ္တာ ၊ သည်ကမ္ဘာကို ဖုံးလွှမ်းခဲ့တာ
ချီးမွမ်းစရာ မက ၊ ဂွန္တဝင် မြောက်ရအောင်
လိုက်လျှောက်ကာ ပြခဲ့တာ ၊ ထို သခင့် ခြေတော်ရာ ။
စံပယ်ကုံး ကို မနမ်း ၊ ဆူးခက်သာ ထမ်းခဲ့ရ
သခင့်ရဲ့ ရွှေမျက်ဝန်းမှာ ၊ သွေးစက်နဲ့ မျက်ရည်တွေ
ရောယှက်ခဲ့ လေပြီမို့ ၊ သည်ယိုသမျှ ရွှေမျက်ရည်
သွေးစက်တွေ ဖြစ်ခဲ့ရတာကြောင့် ၊ ငိုရှိုက်ကာ ကြေမွ နှလုံးသား
မှောင်ချကာ ကွယ်ဖုံးထားသလို ၊ မြင်တွေ့မရ ဖြစ်ခဲ့ငြားလည်း
အပြစ်သားကို ချစ်ဆဲမို့၊ အပြစ်လှည်းကို သူ ဆွဲခဲ့တာ
ထာဝရ ထင်ရစ်တယ် "ကရာနီ"မှာ ၊ အို – သခင့် ခြေတော်ရာ ။
နှလုံးသား နာကျင် ၊ ကိုယ်ပြစ်များ ကိုယ်မြင်လို့
ရှိုက်ရှိုက်ငင် ငိုကြွေး ၊ မျက်ရည်မိုး နဲ့ ဆေးပြီး
ဆီမွှေးပါ ဖိတ်လျှံအောင် ၊ လိမ်းကျံလို့ နမ်းရှုံ့ခဲ့
သခင့်ရဲ့ ခြေတော် မျက်နှာပေါ် အရာထင် ခဲ့တုံးက
'ကရာနီ' ကုန်းမှာ မျက်ရည်နဲ့ ပြုံးကာပြ နေမည်လို့
သည်တစ်သက် မထင်ရက်လေသူ ၊ မမြင်ခဲ့ပေမဲ့
ပါးပြင်ထက် စွဲရစ်တာ ၊ သခင့်ရဲ့ ခြေတော်ရာ ။
ထိုစဉ် တမန်တော်များ ဘ၀ ၊ မလိုချင်လဲ အလျှံပယ် ရတဲ့
လောက ဆုလဒ် တွေက ၊ ကျောကော့အောင် ချခံရခြင်း ပေမို့
ဝတ်ပြတ်လို့သေမှာ မပူပင် ၊ အချုပ်ကျလို့ ဝင်နေတာ မငြိုငြင်
လိုချင်စရာတွေ အကုန် ကျဉ် ထားလို့ ၊ ကားတိုင်သာ ကျောပေါ်တွင်
သခင့် နောက်လိုက်ကာ သက်ရှင်ဖို့ ၊ မျက်ဝါးထင် ပြလို့ နေတာ
တို့ – သခင့် ခြေတော်ရာ ။
ဩော် ... သခင့် ခြေရာ ကြီးလှစွာလည်း ၊ သခင့် မေတ္တာ မြည်းရပါလည်း
လောက ကို ခင် ၊ ဥစ္စာ မင် ၍ ၊ မြင်တွေ့ သခင် ရှောင်ပုန်းချင်သည့်
ငါလို ပြစ်သား ရင်ခွင်ကြားမှာ ၊ ထာ၀စဉ် သိမ်းထားဖို့
ကျွန်ုပ် နှလုံးသားပြင် စွဲထင် စေပါ
အိုး – သခင့်မြတ် ခြေတော်ရာ ။ ။

**သာဂိစော**

## သို့ ဓမမေ ၁၃

အမေ –
ခပ်စောင်းစောင်း အတွေးအခေါ်တစ်ခုနဲ့
(လောကကြီးကို) သား အရွဲ့တိုက် ခဲ့ဖူးတယ်။
ခပ်ညှံ့ညံ့ အသိတစ်ခုနဲ့ ၊ သား အံတု ခဲ့ဖူးတယ်။
ခပ်ပေါပေါ ပညာတစ်ခုနဲ့ ၊ သား ဝါကြွား ခဲ့ဖူးတယ်။
ခပ်ယိုင်ယိုင် ပိုင်ဆိုင်မှု တစ်ခုနဲ့
သား ထောင်လွှားခဲ့ဖူးတယ်။
နှလုံးသားထဲမှာ မိရိုးဖလာ ယုံကြည်မှုတစ်ခု
ငါသိ၊ ငါတတ် ၊ ငါတော် ဆိုတဲ့ စိတ်တစ်ခု
အမေ – သား ကိုးစားခြင်း အရာမှာ အားနည်းခဲ့တယ်။
အမေ –
ရေစုန်မှာ မျောနေတုန်းက
လုပ်ချင်ရာ လုပ် ၊ ခုတ်ချင်ရာ ခုတ် ၊ နှုတ်ချင်ရာ နှုတ် ။
ပြီးတော့ –
မူးချင်ရာ မူး ၊ ခူးချင်ရာ ခူး ၊ တူးချင်ရာတူးနဲ့ ...
သား – အဆင်ပြေတုံးခနမှာတော့မာန်ဝင့် နေခဲ့ဖူးတယ် ။
အမေ –
အခုတော့ သားမှာ
လူ မတတ်နိုင်တဲ့ ရောဂါက နှစ်ခု ၊ လူ မတတ်နိုင်တဲ့ အမှုက တစ်ခု
(လူတွေထဲမှာ – )
ကယ်မဲ့ သူ မရှိ ၊ ကူမဲ့ သူ နတ္ထိ
သားကို အဖြစ် မရှိတဲ့သူ ၊ အနှစ် မရှိတဲ့သူ လို့
လှောင်ရယ်သံ တွေ ကျီစယ်သံတွေ ကြားမှာ
သား ယောင်ချာချာ ဖြစ်ခဲ့ဖူးတယ် ။
အမေ –
သား – ကယ်တင်ရှင်ကို တွေ့ခဲ့ပြီ ။
သားကို မြေမှုန့်ကနေ ဖန်ဆင်းခဲ့တဲ့ ခမည်းတော် ဘုရား ။
သားကို ကားတိုင်ထက်မှာ အပြစ်ကနေ ကယ်တင်ခဲ့တဲ့ သားတော်ဘုရား ။
သားကို ယနေ့ထိတိုင်အောင် ပို့ဆောင်ကောင်းကြီးပေးနေတဲ့ –
သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ၊ သုံးပါးတစ်ဆူ တည်းသော ဘုရား
မနေ့ ယနေ့ နောင်ကာလအတွက် ထာဝရဘုရား ။
ဘိုးဘေးတို့ရဲ့ ဘုရား ၊ အဖိုး အဖွားတို့ရဲ့ ဘုရား ၊
အဖေ အမေတို့ရဲ့ ဘုရား ၊ သား သိနေတဲ့ ဘုရား ။
အမေ – မိရိုးဖလာ ခရစ်ယာန် ဖြစ်တဲ့သား၊
နှလုံးသားထဲမှာ ခရစ်တော် မရှိတာ –
တွေးမိတိုင်း နောင်တတွေ ရခဲ့မိတယ် ။
အမေ – အပြစ်တွေကို ဝန်ချ ၊ ဝန်ထုတ်တွေ ချလိုက်တဲ့ ခနမှာတော့
သား – ငြိမ်သက်ခြင်းကို ရခဲ့တယ် ၊
အံ့ဩဖွယ် လက္ခဏာတွေနဲ့ လူ မတတ်နိုင်တဲ့ အမှုတွေလဲ
သခင် ငြိမ်းအေးစေခဲ့တယ် ။
ဟာလေလုယာ ။ ။ ("ယမါသးဘိ" သို့ ... )

**SAW A. THAW**

## ထာဝရသက်စမ်းရေ

ဒုစရိုက် အပြစ်နွံထဲမှာ
ပျော်မြူးလို့နေလား ။
မင်းဘဝ မိုက်ပြစ်တွေကို ဆေးကြောဖို့ ပြန်လာခဲ့ပါ ။
လောက စည်းစိမ်ထဲမှာ ပျော်ရွှင်လို့နေလား
မမြဲသော လောက စည်းစိမ်ထဲက
အချိန် မလွန်မီ ပြန်လာခဲ့ပါ ။
မှားခဲ့သော အပြစ်အတွက်
ဆေးကြောဖို့ အသင့်ဖြစ်ပြီလား ။
အေးမြတဲ့ သခင့်မေတ္တာရိပ်
ခိုလှုံဖို့ ပြန်လာခဲ့ပါ ။
ရှန်းထွက်လိုက်ပါ အလင်းတန်းဆီသို့
ဘဝရဲ့ ငြိမ်သက်ခြင်းအတွက်
ထာဝရ သက်စမ်းရေကို ခံယူလိုက်ပါ ။ ။

**DL**

ooooooooooooooooooooooooooooooooooooooooooooo

## သူညာ ခရီးသည်

ယေရှုကို လက်ခံဖို့ 'တုန့်ဆိုင်းတုန့်ဆိုင်း' ဖြစ်ခဲ့ဖူးတယ်။
သခင့် နောက်ကို လိုက်ဖို့ 'ချီတုံချတုံ' ဖြစ်ခဲ့ဖူးတယ် ။
ဆူးခင်းလမ်းကို လျှောက်ဖို့ 'မဝံ့မရဲ' ဖြစ်ခဲ့ဖူးတယ် ။
ယုံကြည်ခြင်း ခိုင်မြဲဖို့ 'ဇဝေဇဝါ' ဖြစ်ခဲ့ဖူးတယ် ။
ပေးကမ်း လှူဒါန်းဖို့ 'ကတုန်ကယင်' ဖြစ်ခဲ့ဖူးတယ် ။
ဧဝံဂေလိ ဟောဖို့ 'ရှက်ကိုးရှက်ကန်း' ဖြစ်ခဲ့ဖူးတယ် ။
ဖြူဖြူစင်စင် နေထိုင်ဖို့ 'စနိုးစနောင့်' ဖြစ်ခဲ့ဖူးတယ် ။
ကိုယ်နဲ့ စပ်ဆိုင်သူကို ချစ်ဖို့ 'ခိုးလိုးခုလု' ဖြစ်ခဲ့ဖူးတယ် ။
သမ္မာတရား အတိုင်း လိုက်လျှောက်ဖို့ 'ကသိကအောက်' ဖြစ်ခဲ့ဖူးတယ် ။
အဲဒီလိုနဲ့ အသက်ရှင် လာလိုက်တာ – နောက်ဆုံးတော့ ...
ကောင်းကင်နိုင်ငံ ရောက်ဖို့ 'မသေမချာ' ဖြစ်သွားခဲ့ပြီ။ ။

**မင်းအောင်သက်လွင်**

ooooooooooooooooooooooooooooooooooooooooooooo

## ခဦးစားမိရဲ့ လား

သင် – ဘာအတွက် အသက်ရှင် နေပါသလဲ
ဘယ်သူ့အတွက် အသက်ရှင် နေပါသလဲ ။
ဘာ့ကြောင့် အသက်ရှင် ချင်ပါသလဲ ။
ခရစ်တော် – ဆူးခင်းလမ်းကို လျှောက်ပြီး
ဆူးရစ် သရဖူကို ဆောင်းကာ
ကရာနိကုန်း ထက်ဝယ်
အသွေးနဲ့ စတေးကာ ရွေးနုတ် ကယ်တင်ခဲ့ပြီ ။
ပြောရမှာပါ – ဘယ်သူ့ကြောင့်လဲ – အပြစ်သားတွေကြောင့်
ဘယ်သူ့အတွက်လဲ – အပြစ်သားတွေအတွက်
ဘာအတွက်လဲ – ကယ်တင်ခြင်းရဖို့ ။

**မျှော်တော**

ooooooooooooooooooooooooooooooooooooooooooooo

## * သူ့ဆီမှာ *

* သူ့ဆီမှာ အစေခံတွေ၊ လက်အောက်ငယ်သားတွေ ၊ ကျွန်တွေ မရှိဘဲနဲ့ သူ့ကို "အရှင်သခင်"လို့ ခေါ်ကြတယ် ။
* သူ့ဆီမှာ အောင်လက်မှတ်၊ ဒီပလိုမာ၊ ပါရဂူဘွဲ့ နဲ့ မာစတာ တွေ မရှိပါဘဲ သူ့ကို "ဆရာ" လို့ခေါ်ကြတယ် ။
* သူ့ဆီမှာ ဆေးဝါး၊ ကိရိယာ တန်ဆာပလာ၊ ဖော်မြူလာတွေ မရှိဘဲနဲ့ သူ့ကို "သမားတော်ကြီး"လို့ ခေါ်ကြတယ် ။
* သူ့ဆီမှာ လူအင်အား၊ လက်နက်အင်အား၊ ချူကလီးယား အာဏာ၊ အနုမြူ ပါဝါ တွေမရှိပါဘဲနဲ့ သူ့ကို "ဘုရင်တကာတို့ရဲ့ ဘုရင်" လို့ခေါ်ကြတယ် ။
* သူ့ဆီမှာ မနာလိုခြင်း၊ သဝန်တိုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း တွေ မရှိပါဘဲနဲ့ သူ့ကို ခုံရုံးတင် စစ်ဆေးခဲ့ကြတယ် ။
* သူ့ဆီမှာ မူးယစ်ဆေးဝါး မရှိ၊ လူ အသက် မသတ်၊ မလိမ်မညာ၊ မဆိုးသွမ်း မမိုက်မဲ ပါဘဲနဲ့ သူ့ကို ကားစင်တင်သတ်လိုက်ကြတယ် ။
* သူ့ဆီမှာ ယဉ်မောင်းလိုင်စင်၊ လေယာဉ်မောင်း လက်မှတ်၊ အာကာသ ခရီးစဉ် ဘာတစ်ခုမှ မရှိပါဘဲနဲ့ ယုံကြည်သူကို သူက ကောင်းကင်ဘုံ အရောက် ပို့ပေးနိုင်တယ် ။

**သားတော်မောင်အလီမွှာ**

ooooooooooooooooooooooooooooooooooooooooooooo

## အကြွေပန်းရဲ့ ရွှေနှန်းစဉ်ခရီး (မေစွန်)



သူ့ရဲ့ နာမည်က နှင်းဆီ ပါ။ နှင်းဆီ ဆိုတဲ့ နာမည်နဲ့ လိုက်အောင် သူ ဟာ လှပသင်းပျံ့သလို ဆူးများနဲ့လဲ ဝန်းရံထားလျှက်ရှိပါတယ်။ သူ့ရဲ့ လှပမှုကြောင့် ချစ်ခင်သူတွေ ပေါ်များလှပါတယ်။ အထူးသဖြင့်တော့ အမျိုးသားတွေ များပါတယ်။ ငယ်သူငယ်ချင်း ဆိုတော့လဲ သူ့အကြောင်းတွေကို အကုန်လုံး လိုလို သိထားမိပါတယ်၊ လှပမှုကြောင့်လဲ နေရာတကာမှာ သူတပါး ဦးစားပေးမှုကို ခံရတဲ့သူဖြစ်ပါတယ်။ ဒါပေမဲ့ သူ့မှာ မကောင်းတဲ့ ညာဉ်ဆိုးလေး တွေရှိပါတယ်။ ဘယ်လောက်ထိ မကောင်းသလဲဆိုတော့ တနင်္ဂနွေနေ့မှာ ဘုရားကျောင်း သွားမယ်လို့ အိမ်ကို ညာပြောပြီး ရည်းစားနဲ့ ရုပ်ရှင်ကြည့်၊ တိရိစ္ဆာန်ရုံ သွားခဲ့ပါတယ်။ ကျွန်မက သူ့သူငယ်ချင်းဖြစ်တဲ့အတွက် သူ့မိဘတွေကို လိမ်ညာပေးခဲ့ရပါတယ်။ အိမ်ပြန်နောက်ကျလို့ သူ့အိမ်ကဆူရင်လဲ ကျွန်မကြောင့် နောက်ကျရတာလို့ ခပ်တည်တည် သွေးအေးအေးနဲ့ အိမ်ကို ပြောင်လိမ်တတ်ခဲ့ပါတယ်။ ရည်းစားတွေအများကြီးထားပြီး ခနခနပြောင်းတဲ့ တတ်ပါတယ်။ ကျွန်မက အဲဒီလို မလုပ်ဖို့ တားရင် ပြန်မပြော နားမထောင်နဲ့ သူလုပ်ချင်ရာကို လုပ်တတ်တဲ့သူ ဖြစ်ပါတယ်။

ဒီလိုနဲ့ မကြာခင်မှာ သူ ချစ်သူအသစ် တစ်ယောက် ရသွားပြန်ပါတယ်။ ဒီကောင်လေးကို သူတော်တော်ချစ်တဲ့ပုံပေါ်ပါတယ်။ ယုံကြည်သူချင်း ဖြစ်တဲ့အတွက် အရင် ရည်းစားတွေတုံးကလို အပြင်ကို မလစ်တော့ဘဲ ကောင်လေးနဲ့ သူ ဘုရားကျောင်းကို ခနခနရောက်ဖြစ်ခဲ့ပါတယ်။ ကောင်လေးက နယ်က ကျောင်းလာတက်တဲ့သူပါ။ သူတို့အိမ်နဲ့ နှစ်လမ်းကျော်မှာ နေပါတယ်။ သူ့ရဲ့ မိဘတွေကလဲ ဘာသာချင်းတူတဲ့အတွက် ကောင်လေးနဲ့ သူ့ကို သဘောတူ ကြည်ဖြူကြပါတယ်။ ကောင်လေးက နယ်က လာတာဖြစ်တဲ့ အတွက် ကောင်လေးရဲ့ မိသားစု အသိုင်းအဝိုင်းအကြောင်း ကို သူနဲ့ ကျွန်မတို့အားလုံး ဘာမှ သိမထားကြပါဘူး။ ဘာမှန်း မသိတဲ့ကောင်လေးကို ဇွတ်မချစ်ဖို့ ကျွန်မက သတိပေးပေမဲ့ ကောင်လေးအပေါ်ထားတဲ့ သူ့ရဲ့ ချစ်ခြင်းနဲ့ ယုံကြည်မှုကို ကျွန်မရဲ့ သတိပေးစကားက မကျော်လွှားနိုင်ခဲ့ပါဘူး။

ဒီလိုနဲ့ကောင်လေး ကျောင်းအပြီး သူနေတဲ့ မြို့လေးကို ပြန်ခါနီးမှာ ကောင်လေးက မိဘနှစ်ပါးကိုခေါ်၊ ရန်ကုန်ဆင်းလာပြီး သူ့ကို လာတောင်းရမ်း လက်ထပ်ယူပါ့မယ် ဆိုတဲ့စကားနဲ့ သူ့ကို နှစ်သိမ့်ခဲ့ပါတယ်။ ကောင်လေး ပြန်သွားပြီး ခြောက်လလောက်ကြာတဲ့အထိ ကောင်လေးဆီက ဘာအဆက် အသွယ်မှ မရခဲ့ပါဘူး။ သူ့ရင်တွေ ပူစ ပြုလာပါပြီ။ ခက်တာက ကောင်လေးအ

ကြောင်း ကိုလဲ ‘မွန္တလေးက’ ဆိုတာက လွဲပြီး သူ ဘာမှ ပိုသိ မထားခဲ့ပါဘူး။ သူကောင်လေးကို ချစ်တဲ့အချစ်က “အချစ်မှာ မျက်စိမရှိဘူး”ဆိုတဲ့ ဆိုစကား အတိုင်း မျက်ကန်းအချစ်ပေ့ါ။ အခုတော့ မျက်ကန်း လမ်းပျောက်ရပြီပေ့ါ။ ဘယ်သူ ဖေးကူပေးမှာပါလိမ့်။

တစ်နှစ်လောက်ကြာတဲ့အထိ သူယုံကြည်စွာနဲ့ ကောင်လေးကို သစ္စာရှိရှိ စောင့်နေပါသေးတယ်။ မမျှော်လင့်ပါဘဲ အသင်းတော်က လူငယ် တစ်ချို့နဲ့ အတူ သူရော ကျွန်မပါ သာသနာလုပ်ငန်းအတွက် မွန္တလေးကို ရောက်သွားခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်က တာဝန်ခံ ကိုယ်စားလှယ်တွေ ရောက်လာတဲ့ လူငယ်ညီလာခံ ဖြစ်တဲ့အတွက် မွန္တလေးက ဒေသခံ လူငယ်တွေလဲ အင်တိုက် အားတိုက် ပါဝင်လုပ်အားပေးကြပါတယ်။ ဒေသခံ တွေထဲမှာ ကောင်လေးများ ပါလာလေမလားလို့ သူမျှော်လင့်ချက် မျက်လုံးတွေနဲ့ လိုက်ရှာနေတာကို ကျွန်မ သတိထားမိခဲ့ပါတယ်။ ဒါပေမဲ့ အချည်းနှီးပါဘဲ ကောင်လေးရဲ့ အရိပ်အယောင်ကိုတောင် မမြင်ရပါဘူး။

လူငယ်တွေ့ဆုံပွဲ ပြီးသွားတဲ့အခါမှာတော့ မွန္တလေးတိုင်းထဲမှာရှိတဲ့ လူငယ် တွေက မိမိတို့ မြို့ငယ်လေးတွေဆီ အလည်လိုက်ခဲ့ဖို့ ရန်ကုန်သူ ကျွန်မ တို့ကို အလည်ခေါ်တဲ့အတွက် တွေ့ဆုံပွဲမှာ ရင်းနှီးခဲ့တဲ့ မိနှင်းသက် ဆိုတဲ့ ကောင်မလေး နေတဲ့ မြို့လေးကို အလည်လိုက်သွားကြပါတယ်။ အဲဒီမြို့မှာ ရှိတဲ့ ယုံကြည်သူ အသင်းသားတွေရဲ့ အိမ်ကို မိနှင်းသက် က လိုက်ပို့ပေးပါတယ်။ အိမ်ရှင်တွေကလဲ စိတ်စေတနာ ထက်သန်စွာနဲ့ မိမိတို့ဒေသထွက် ပစ္စည်းတွေကို လက်ဆောင်အဖြစ်ပေးပြီး ဧည့်ခံကြပါတယ်။ ကျွန်မတို့ နောက်ဆုံးသွားရမဲ့ အိမ်ကို အဝေးက လှမ်းမြင်ရတယ်ဆိုရင်ဘဲ သူက “ဟဲ့ – အဲဒီအိမ်က လူတွေကို ငါ သိသလိုဘဲ”လို့ လှမ်းနောက်လိုက်ပါတယ်။ မိနှင်းသက် က “ဟုတ်လား – အဲဒီ အိမ်မှာ အစ်ကို ချောချောလေး ရှိတယ်။ ဒါပေမဲ့ သူက လွန်ခဲ့တဲ့ တစ်နှစ် လောက်က မိန်းမ ရသွားလို့ အစ်မ နှင်းဆီ နောက်ကျသွားပြီ”လို့ ပြန်ပြီး နောက်လိုက်ပါတယ်။



အိမ်ထဲကို ဝင်ဝင်ချင်းဘဲ ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်တစ်ဦးက ပြုံးရွှင်စွာနဲ့ ထွက်ကြိုပါ တယ်။ နောက်ပြီး အသက် ၆၀ အရွယ် အမျိုးသား ကြီးတစ်ဦးနဲ့ အမျိုးသမီးကြီး တစ်ဦးတို့ထွက်လာပြီး စကားလာပြောကြပါတယ်။ ခနနေကျတော့ ကိုယ် ဝန်ဆောင် အမျိုးသမီးငယ်က “ခန နေကြပါအုံး ကျွန်မ အမျိုးသားနဲ့ မိတ်ဆက်ပေးချင်လို့၊ ကိုကိုရေ အောက်ကို ခန ဆင်းခဲ့ပါအုံး ဒီမှာ ရန်ကုန်က လူငယ်တွေ အလည် ရောက်နေတယ်” လို့ပြောလိုက်တယ်ဆိုရင်ဘဲ၊ အပေါ်ထပ်ကနေ အောက်ထပ် ကို ဆင်းလာတဲ့ ခြေသံကြားရပါတယ်။ အောက်ထပ် ရောက်လာတဲ့ သူကို အားလုံးက လှည့်ကြည့်ပြီး နှုတ်ဆက် လိုက်ကြပါတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးက အမျိုးသားရဲ့ လက်ကိုဆွဲပြီး “ ဒါ ကျွန်မ အမျိုးသားလေ၊ ကိုကိုက ရန်ကုန်မှာ ကျောင်းသွားတက်ဘူးတယ်” လို့ ပြောပြီး မိတ်ဆက်ပေးပါတယ်။

သူနဲ့ ကောင်လေးဟာ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြပြီး ဘာ စကားမှ ဆက်မပြောဘဲ တိတ်ဆိတ်လို့နေကြပါတယ်။ ကျွန်မတို့ တည်းခိုခန်းကို ပြန်ရောက်တဲ့ အချိန်အထိ သူ့ဆီက ဘာစကားသံမှ မကြားရပါဘူး။ မျက်ဝန်းထဲ က လျှံထွက်လာတဲ့ မျက်ရည်တွေကို မျက်တောင်တွေနဲ့ ပုတ်ခတ်ထုတ်ရင်း သူ ပြူတင်း တံခါးနားမှာ ရပ်ပြီး အဝေးကြီးကို လှမ်းကြည့်လို့နေပါတယ်။ ကျွန်မက အားပေး စကားပြောချင်ပေမဲ့ “ဘာစကားမှ လာမပြောနဲ့” လို့ သူက ကြိုတင် ပြောထားနှင့်တဲ့အတွက် ကျွန်မ အသာဘဲ ငြိမ်နေလိုက်ပါတယ်။

ဒီအကြောင်းတွေကို သူ့အိမ်ကို ပြန်မပြောဖို့ တားမြစ်ထားတဲ့ အတွက် ကျွန်မ ဘယ်သူ့ကိုမှ မပြောပြဖြစ်ခဲ့ပါဘူး။ နောက်ထပ် ချစ်သူ တစ် ယောက် ထပ်ရရင် သူစိတ်ပြေသွားလိမ့်မယ်လို့ ကျွန်မ ထင်ထားခဲ့ပါတယ်။ တစ်နေ့မှာ သူ့ရဲ့ မိဘတွေ နယ်ကို ခရီးထွက်သွားတဲ့အတွက် သူ့ အဖော် အဖြစ် နေပေးဖို့ သူ့အိမ်ကို ကျွန်မ ရောက်သွားခဲ့ပါတယ်။ အရင်ကနဲ့ လုံးဝ မတူဘဲ အ ပြောင်းလဲကြီး ပြောင်းလဲနေတဲ့ သူ့ကို ကျွန်မ တွေ့လိုက်ရပါတယ်။ အပေါင်း အသင်း အရမ်းမက်တဲ့သူဟာ အခုအချိန်မှာ တစ်ယောက်တည်းဘဲ နေ နေပါ တယ်။ စကားကိုလဲ လိုအပ်တာထက် ပိုမပြောတော့ပါဘူး။ အဲဒီညမှာ ကျွန်မကို ရင်ဖွင့်ချင်တယ်ဆိုပြီး သူ့အခန်းထဲ ခေါ်သွားပါတယ်။ နောက်တော့ သော့နဲ့ သေသေချာချာ ခတ်ထားတဲ့ ဘီရိုထဲက ဒိုင်ယာရီစာအုပ်နဲ့ ဓါတ်ပုံ အယ်လ်ဘမ် တစ်ခုကို ထုတ်ပြပါတယ်။ ဒိုင်ယာရီထဲမှာ ကောင်လေးနဲ့ သူ စတွေ့တဲ့ အချိန်ကနေ စပြီး မနေ့ကအထိ ကောင်လေးအပေါ်မှာ သူ ဘယ်လောက်အထိ ချစ်တယ် ဆိုတဲ့အကြောင်းတွေ ရေးထားသလို အယ်လ်ဘမ် ထဲမှာလဲ ကောင်လေးကို ပုံစံအမျိုးမျိုးနဲ့ ရိုက်ထားတဲ့ပုံတွေအပြင် သူနဲ့ ကောင်လေး စုံတွဲရိုက်ထားတဲ့ ပုံတွေကို အသည်းပုံထဲမှာ ကပ်ထားတာ အရမ်းကြည့်လို့ ကောင်းပါတယ်။

အဲဒီနောက်တော့ သူက “ငါလေ ဘာပြောရမှန်းတောင် မသိတော့ပါ ဘူး သူငယ်ချင်းရယ်” သူ စတင် ငိုနေပါပြီ “ငိုလိုက်ပါ သူငယ်ချင်းရယ်။ ရင်ထဲမှာ ထားရင် ပိုဆိုးသွားလိမ့်မယ်” “ငါလေ သူ့ကို အရမ်းချစ်ခဲ့မိတယ်။ အချစ်ဆိုတဲ့ အရာကို သူနဲ့တွေ့မှ နားလည်ခဲ့တယ်။ သူငါ့ကို ဒီလို ရက်စက်တာ ငါဘာတွေ မှားခဲ့မိလို့လဲ။ သူ့ကို အရမ်းချစ်လို့ အစစအရာရာ ငါ အလျှော့ပေးခဲ့တယ်။ ဒါ ငါ့ အပြစ်လား၊ ငါ ဘာဆက်လုပ်ရမလဲ။ မကြံကောင်း မစည်ကောင်း တစ်ခါ တစ်လေ ငါ ကိုယ့်ကိုယ်ကို သတ်သေချင်စိတ်တွေ ပေါက်လာမိခဲ့တယ်။ ငါ ရူးချင်တယ်။ ငါ သေချင်တယ်။ သူ့မိန်းမနဲ့ သူ့ကိုတွဲပြီး ပြန်မြင်ယောင်မိရင် ငါပြန် ရင်နာမိတယ်။ တခြား မိန်းမကိုတော့ ချစ်ပြီး ငါ့ကို ဘာလို့ မချစ်ရတာလဲ။ ငါ့မှာ ဘာအပြစ်ရှိလို့လဲ။ ငါ အရမ်းဝမ်းနည်းတယ်။ ဒီလို မတရားမှုတွေပြည့်နေတဲ့ လောကကြီးမှာ ငါ မနေချင်တော့ဘူး” “စိတ်ထိန်းပါ သူငယ်ချင်းရယ်။ လူတွေက မတရားပေမဲ့ ဘုရားသခင်ကတော့ တရားပါ တယ်။ နင့်ရဲ့ ခံစားချက်တွေ အားလုံးကို သခင် ခရစ်တော်ဆီမှာ ရင်ဖွင့်လိုက်စမ်းပါ။ ကျမ်းပိုဒ်တစ်ခုထဲမှာ သခင် ခရစ်တော်က –

**ဝန်လေး၍ ပင်ပန်းသော သူအပေါင်း တို့ ငါ့ထံသို့လာကြလော့ ။ ငါသည် ချမ်းသာ ပေးမည်** လို့ ဖိတ်ခေါ်နေပါတယ်”

သူဟာ ယုံကြည် သူ တစ် ယောက် ဖြစ်တဲ့ အ တွက် သမ္မာကျမ်းစာနဲ့ ထိန်း လိုက်တော့ ချက်ချင်း ငြိမ်ကျသွား ပါတယ်။

ဒီလိုနဲ့ နောက်ထပ် တစ်နှစ် လောက် အကြာမှာ ကျွန်မလဲ မိသားစု စားဝတ် နေရေးအတွက် စင်ကာပူ မှာ လာပြီး အလုပ်လုပ်ရပါတယ်။ သူကတော့ မြန်မာပြည်မှာဘဲ ကျန်နေခဲ့ပါတယ်။ နောက်ထပ် ချစ်သူလဲ မထားတော့ပါဘူး။ နောက်ထပ် သုံးနှစ်လောက် ကြာတဲ့ အချိန်မှာတော့ သူ ချစ်သူအသစ် ရသွားပြီ ဆိုတဲ့အကြောင်း သူ့ချစ်သူက သူ့ကို အရမ်းချစ်ကြောင်း မကြာခင်မှာ သူ့ ချစ်သူ နောက်ကို လိုက်သွားတော့မှာဖြစ် ကြောင်း နဲ့ စိတ်မပူဖို့ ကျွန်မဆီကို စာရေး လာပါတယ်။ သူ့ရဲ့ ချစ်သူနာမည်ကို ထည့်မရေးထားတဲ့အတွက် ဘယ်သူမှန်း ကျွန်မ မသိခဲ့ပါဘူး။

နောက် ၆လလောက် ကြာတဲ့အခါမှာတော့ သူအပါအဝင် နောက် ထပ် ညီအစ်မ ခြောက်ယောက် အီတလီ နိုင်ငံက ကက်သလစ် အသင်းတော်မှာ သီလရှင် ဝတ်ဖို့အတွက် အပြီးအပိုင် ထွက်သွားပြီ ဆိုတဲ့သတင်းကို ကျွန်မ ကြား လိုက်ရသလို စိတ်ထဲမှာ လဲ ဝမ်းသာ ဝမ်းနည်း ခံစားလိုက်ရပါတယ်။ နောက် ၂လ အကြာမှာလဲ သူတို့ အဖွဲ့ကို သီလရှင်အဖြစ် အသိအမှတ်ပြုလိုက်ပြီဆိုတဲ့ သတင်းကို ထပ်ကြားရပြန် ပါတယ်။

ကျွန်မ သူ့အကြောင်းကို ပြန်စဉ်းစားမိလိုက်တယ်။ သစ္စာ မရှိတဲ့ ချစ်သူရဲ့ စွန့်ပစ်ခြင်းကို ခံလိုက်ရတဲ့ ချောမောလှပတဲ့ ခေတ်ပညာတတ် မိန်း ကလေး။ အပင် အမြင့်ကြီးပေါ်က ကြွေကျသွားတဲ့ အကြွေပန်းလေးလို၊ ဝမ်းနည်း အားငယ်မှုတွေကို ရင်ခွင်မှာ သိမ်းပိုက်လိုက်ရတဲ့ သနားစရာ မိန်းကလေးတစ်ဦး၊

ဒါပေမဲ့ သူ့ဘဝကို လမ်းမှန် ပြန်ရောက်သွားအောင် နှစ်သိမ့် လမ်းပြ ခဲ့တဲ့ မေတ္တာရှင် ယေရှု။ လူတွေအားလုံးက မေတ္တာတရားကို တရားမျှတစွာ

မပေးနိုင်ပေမဲ့ ခရစ်တော်ကတော့ သူ့ကို ပေးခဲ့ပြီးပါပြီ။ သူ အိမ်ထောင် ပြုခဲ့ရင်တောင် အခက်အခဲတွေ အဆင်မပြေမှုတွေကို ထပ်ပြီး ရင်ဆိုင်ရအုံးမှာပါ။ အခုတော့ သူ့ ဘဝလေး အေးချမ်းသွားပါပြီ။ သူ့လိုဘဲ ဘဝလမ်း ကြမ်းတမ်းပြီး အစွန့်ပယ်ခံ အကြွေပန်းလေးတွေကိုလဲ ကျွန်မတို့ ဆုတောင်း ပေးသင့်ပါတယ်။

အကြွေပန်းများရဲ့ ရွှေနန်းစဉ် ခရီးဖြစ်တဲ့ ကောင်းကင်ဘုံ သွားလမ်းတစ်လျှောက်မှာ အခက်အခဲများ ကင်းရှင်းစွာဖြင့် ထာဝရ လျှောက်လှမ်း သွားနိုင်ပါစေလို့ မေတ္တာတရားနှင့် လေးစားစွာဖြင့် ဂုဏ်ပြုရင်း ဆုတောင်းပေး လိုက်ပါတယ်။ ။

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ –

( မေစွန် )

oooooooooooooooooooooooooooooooooooooooooooooo

## ရေးပြရအုံးမယ် – ၄ ( သာမာန်လူ )

ကျွန်တော် စင်ကာပူကို ရောက်လာတော့ မိတ်ဆွေ သူငယ်ချင်းအသစ်တွေ အများကြီးရခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းနယ်ပြည်နယ် ပေါင်းစုံကတိုင်းရင်းသား အစုံစုံနဲ့ ရင်းနှီးခဲ့ရပါတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းမှာ သူတို့နဲ့ တွေ့ခွင့်ရသလို လူငယ်သင်တန်း၊ မိသားစု ကျမ်းစာသင်တန်းတွေမှာလဲ တွေ့ဆုံ ရင်းနှီးခဲ့ရပါတယ်။ သူတို့ထဲက တော်တော်များများဟာ စင်ကာပူနိုင်ငံမှာ "ဝ" အဖြစ်နဲ့ နေထိုင်တဲ့သူတွေဖြစ်ပါတယ်။ အဲဒီအချိန်တုံးက "ဝ" တွေ ခေတ်စားတဲ့ အချိန်ဖြစ်ပါတယ်။ "ဝ" ဆိုတာကတော့ စင်ကာပူနိုင်ငံမှာ တရားဝင် နေထိုင်ခွင့်ရတဲ့ ရက်ကို ကျော်လွန်ပြီး နေထိုင်တဲ့သူတွေဖြစ်ပါတယ်။ နောက်ပိုင်းမှာ စင်ကာပူ အစိုးရက စီမံချက်နဲ့ လုပ်ကိုင်တဲ့အတွက် တစ်ပါတ်ပြီး တစ်ပါတ် "ဝ" သမားတွေ ပျောက်ပျောက်သွားလိုက်တာ နောက်ဆုံးမှာတော့ မရှိသလောက် ရှားသွားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ စင်ကာပူဟာ ခေတ်တွေ စံနစ်တွေ ထပ်ပြောင်းလိုက်တဲ့အတွက် ဘာကျောင်း၊ ညာကျောင်း တက်တဲ့သူတွေ ပေါ်လာပြီး။ ဘာဘွဲ့၊ ညာဘွဲ့တွေ ရတဲ့သူ ရ နဲ့ လူတွေ ပိုများလာခဲ့ပါတယ်။

အဲဒီ နောက်ပိုင်းတွေမှာတော့ စင်ကာပူဟာ အထူး လျှော့ဈေးတွေ ပေးနေတဲ့အတွက် ဘာအာ၊ ညာအာ တွေရတဲ့သူ တွေကလဲရပြီး မြန်မာအသိုင်း အဝိုင်းကြားမှာ၊ အသင်းတော်တွေထဲမှာ တီးတိုး တီးတိုး အသံလေးတွေ ကြားရပြန်ပါတယ်၊ ကျွန်တော်နဲ့ ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေတစ်ချို့က "ဟေ့လူ စင်ကာပူမှာ ဘာနဲ့ နေထိုင်တာ အကောင်းဆုံးလဲ" လို့ အမေး ခံလိုက်ရတော့မှ "ဘာဖြစ်လို့လဲ"လို့ ပြန်မေးလိုက်တော့ "ဟာကွာ ဘယ်နေရာ သွားသွား ဘာနဲ့ နေမှ ညာနဲ့ နေမှ လူအထင်ကြီးတယ်။ လူရာ ဝင်တယ်ကွ" လို့ ပြန်ဖြေပါတယ်။

ဟုတ်ကဲ့ ခင်ဗျား။ ကျွန်တော့် မိတ်ဆွေတွေကိုလဲ ဖြေရင်း၊ ဝေလဝေဖန်ရင်း ဆိုတဲ့သဘောနဲ့ ကျွန်တော် ဒီဝေဖန်ရေး ဆောင်းပါးလေးကို ရေးလိုက်ရပါတော့တယ်။

မှန်ပါတယ်။ လောကကြီးထဲ၊ လူ့ပဝန်းကျင်ကြီးထဲမှာ ဘာဘဲဖြစ်ဖြစ် ကြီးလေ ကောင်းလေပါဘဲ။ ရာထူး၊ အာဏာ၊ ဩဇာ၊ အဆင့်အတန်း၊ ပညာ၊ လူမျိုး၊ အရည်အချင်း အကုန်လုံး ကြီးလေ ကောင်းလေပါဘဲ။ ပညာတော်ပြီး လှည့်ကွက်ကောင်းတဲ့ စင်ကာပူ အစိုးရကတော့ မခေါ်ချင်ဘဲ ခေါ်ထား၊ မပေးချင်၊ မကျွေးချင်ဘဲ ကျွေးမွေး ပေးကမ်းထားရတဲ့ နိုင်ငံရပ်ခြားက အလုပ်သမား ( ရာထူး ကြီးကြီး၊ ငယ်ငယ်) ကျွန်တော်တို့တစ်တွေကို သူတို့ လိုဘာ ပြည့်တဲ့အထိ ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး ဘာဘွဲ့၊ ညာဘွဲ့ တွေချပေး၊ ဘာအာ ညာအာတွေ လုပ်ပေးပြီး အိမ်တွေ၊ ကားတွေ၊ အခွန်တွေ နဲ့ တစ်ဘက်လှည့် ငွေပြန်ချိုင်ကြပါတယ်။ ဒါကို ဘာမသိ ညာမသိတဲ့ နိုင်ငံခြားသား (မြန်မာလူမျိုးတွေ အပါအဝင်) သကောင့်သားတွေက သွေးနားထင် ရောက်ပြီး ငါက သူ့ထက် မြင့်တယ်၊ သူက ငါတို့ထက် သာတယ် ဆိုပြီး လူ့အသိုင်းအဝိုင်းမှာ စည်းလေးတွေ ခြားထားလိုက်ကြပါတယ်။

အဲဒီ ဂယက်က အသင်းတော်တွေထဲကို စိမ့်ဝင်လာပြီး လူတွေ ကာခြားလိုက်တဲ့ စည်းရိုးကို စာတန်က ခိုင်မာတဲ့ တံတိုင်းကြီးတွေ ထပ်ကာလိုက်ပြန်ပါ တယ်။ နောက်ဆုံး ခြားလိုက်တဲ့ စည်းရိုးတွေ တံတိုင်းတွေရဲ့ နောက်မှာ ရလဒ် က အသင်းတော်တွေမှာ လူနည်းပြီး ဂိုဏ်းတွေသာ ထပ်တိုး လာခဲ့ကြပါတယ်။

သမ္မာကျမ်းစာထဲမှာ တပည့်တော်တွေက သခင်ယေရှုကို "ကောင်းကင်ဘုံမှာ ဘယ်သူ အကြီးမြတ်ဆုံးလဲ"လို့ မေးခဲ့ဖူးပါတယ်။ ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်တော်ရဲ့ အဖြေက ရှင်းရှင်းလေးပါ။

**ရှင်မဿဲ ၁၈း ၁–၄ – ထိုအခါ တပည့်တော်တို့သည် ချဉ်းကပ်၍ ကောင်းကင် နိုင်ငံတော်၌ အဘယ်သူသည် သာ၍ ကြီးမြတ် ပါအံ့နည်း ဟု မေးလျှောက်ကြသော် သူငယ် တစ်ယောက်ကို ခေါ်တော်မူ၍ တပည့်တော်တို့ အလယ်၌ ထားပြီးမှ ငါ အမှန် ဆိုသည်ကား သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့ မဖြစ်လျှင် ကောင်းကင် နိုင်ငံတော်သို့ မရောက်ရကြ။ ထို့ကြောင့် အကြင်သူသည် ဤသူငယ်ကဲ့သို့ စိတ်ကို စိတ်နှိမ့်ချခံ၏ ထိုသူသည် ကောင်းကင် နိုင်ငံတော်၌ သာ၍ ကြီးမြတ်လိမ့်မည်။**

တကယ်လို့သာ ကျွန်တော်တို့ မှီတင်းနေထိုင်နေတဲ့ ယုံကြည်သူအသိုင်း အဝိုင်းထဲမှာ တစ်ယောက်ယောက်က "အသင်းတော်ထဲမှာ ဘယ်သူ အကြီးမြတ်ဆုံးလဲ"လို့ မေးလာခဲ့ရင် ရှင်မဿဲ ၁၈း၁–၄ ကိုသာ လက်ညှိုး ထိုးပြလိုက်ကြပါလို့ဘဲ ရေးပြချင်ပါတယ်။ ကောင်းကင်ဘုံလို နေရာမျိုးမှာတောင် သူငယ် ကဲ့သို့ နှိမ့်ချတဲ့ သူမှ ကြီးမြတ် ပါတယ်လို့ ဘုရားက ဟောထားရဲ့သားနဲ့ ဒီနေ့ အသင်းတော်တွေ၊ လူ့ဘောင် အဖွဲ့အစည်းတွေမှာ ဘာတွေ ညာတွေ ရထားမှ၊ တတ်ထားမှ ကြီးမြတ်ပါတယ်လို့ ထင်တစ်လုံးနဲ့ သွားနေကြရင် ရှေ့ဆက် ဘာတွေ ဖြစ်အုံးမလဲ ဆိုတာ မတွေးရဲ၊ မရေးရဲ သလောက်ပါဘဲ။

လောကကြီးထဲမှာ တရားဝင် နေထိုင်နေရတာကို က "ဘုရားသခင်ရဲ့ အခွင့်" **GOD Permit** ဘဲဖြစ်ပါတယ်။ ဘာမဟုတ်တဲ့ အာရှတိုက်ထဲက ဖွံ့ဖြိုးခါစ နိုင်ငံ သေးသေးလေးမှာ အလုပ်လုပ်ခွင့် ရတာ၊ တရားဝင် နေထိုင်ခွင့်ရတာ။ ကျောင်းတွေ တက်ခွင့်ရတာ၊ လစာ ကောင်းကောင်းရတာ။ တိုက်နဲ့ ကားနဲ့ နေထိုင်နိုင်တာ၊ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေထိုင်နိုင်တာ၊ အဆင့်အတန်းတွေ ရရှိထားတာကို ဂုဏ်မောက် မာန်တက်ပြီး ကိုယ့်ထက်နိမ့်တဲ့ သူတွေကို မြေနိမ့်ရာ လှံစိုက်လိုတဲ့ သဘောနဲ့ မပြုမူသင့်ပါဘူး။

တစ်ခါတုန်းက လူငယ်တစ်ယောက်ဟာ ဆေးလိပ်နဲ့ အရက်သေစာ သောက်စားတာကို အလွန် မုန်းတီးခဲ့ပါတယ်။ သူ့ရဲ့ မျက်စိထဲမှာ ပညာ ဘယ်လောက် တတ်နေပါစေ ဆေးလိပ်နဲ့ အရက်ကို ကြိုက်တဲ့သူ ဖြစ်နေရင် လုံးဝ အထင် မကြီး၊ မလေးစား တော့ပါဘူး။ သူကိုယ်တိုင်လဲ ဆေးလိပ်နဲ့ အရက်ကို မသောက် မစားတဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆေးလိပ်နဲ့ အရက်သေစာ အသောက်အစား ကင်းတဲ့ ဆိုက်ကားသမားဘဲ ဖြစ်ဖြစ်၊ ပန်းရံသမားဘဲ ဖြစ်ဖြစ် သူ လေးစားပါတယ်။ ဒါက သာမာန်လူ တစ်ယောက်ရဲ့ အမြင်နဲ့ ခံယူချက်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အမြင်ကရော ဘယ်လိုလဲ။ သမ္မာကျမ်းထဲမှာ ပညာတတ်တဲ့သူတွေ ပညာ၌ မဝါကြွားနဲ့၊ ငွေရတတ်တဲ့ သူတွေ ငွေ၌ မဝါကြွားနဲ့လို့ ဆိုထားပါတယ်။

နိုင်ငံရပ်ခြား တိုင်းပြည်တွေမှာ အလုပ်ကြမ်းနဲ့ အောက်ခြေသိမ်း လုပ်နေရတဲ့ မြန်မာလူမျိုး ခေတ်ပညာတတ်တွေ အများကြီး ရှိပါတယ်။ ဒီလို လုပ်ရလို့ သူတို့ကိုယ် သူတို့ စိတ်ဓါတ်ကျရောဂါ မသိမသာ ခံစားနေကြရပြီး သူတို့လုပ်တဲ့ အလုပ်ကို လူကြားထဲမှာ ထုတ်ဖော် မပြောရဲလောက်အောင် ဖြစ်နေကြပါတယ်။

"အလုပ် ဟူသမျှ ၊ ဂုဏ် ရှိစွ" တဲ့၊ ဒီစကားဟာ ကျမ်းစာထဲက စကား မဟုတ်တဲ့ မြန်မာစကားပုံဆိုတာ မြန်မာတိုင်း သိပါတယ်။ သမ္မာ အာဇီဝနဲ့ လုပ်တဲ့ အလုပ်မှန်ရင် ဘာဘဲ လုပ်လုပ်၊ ရှက်စရာ မဟုတ်ပါဘူး။ မသမ္မာတဲ့ စီးပွား ဆိုရင်တော့ ဘာဘဲလုပ်လုပ် ကျီးလန့်စာ စားပြီး ရှက်ဖို့ ကောင်းလှပါတယ်။ ကိုယ်ဟာ ဘယ်နေရာ၊ ဘယ်နိုင်ငံ ၊ ဘယ် အဆင့်အတန်း၊ ဘယ်လခ ၊ ဘယ်ရာထူးနဲ့ဘဲ လုပ်လုပ်၊ ဒီလို အနေအထားမှာ ဘုရားရဲ့ ဘုန်းကို ထင်ရှားအောင် လုပ်ဖို့ဘဲ လိုပါတယ်။

သမ္မာကျမ်းထဲက ဗိုလ်ချုပ်ကြီး နေမန်ရဲ့ အိမ်မှာ အိမ်ဖော်လုပ်ခဲ့တဲ့ ဣသရေလ လူမျိုး မိန်းမငယ်လေးဟာ သိမ်ငယ်တဲ့အလုပ်ကို ဂုဏ်ယူစွာ၊ သစ္စာရှိစွာ၊ မြတ်နိုးစွာ လုပ်ခဲ့တဲ့အတွက် သူ့သခင် ဗိုလ်ချုပ်နေမန် နူနာရောဂါ ပျောက်ပြီး အသက်ရှင်တဲ့ ဘုရားကို သိသွားခဲ့ပါတယ်။

သမ္မာကျမ်းထဲက နန်းတော် တံခါးစောင့် (ဒရပ်မ) အဆင့်ဘဲ ရှိတဲ့ သေတာ ရဲ့ ဦးလေး မော်ဒကဲ ဟာ ဘုရားသခင်ကို ကိုးကွယ်ပြီး ဘုရားကိုဘဲ ကြောက်ရွံ့စွာနဲ့ အလုပ်လုပ်ခဲ့တဲ့အခါ သူတပါး မကောင်းကြံတဲ့ ဘေးက လွတ်ရုံ သာမက တစ်မျိုးသားလုံး ကောင်းစားအောင် ကယ်တင်နိုင်ခဲ့ပါတယ်။

ဒီလို ရေးလိုက်လို့ "သာမာန်လူ" ဆိုတဲ့ ဝေဖန်ရေးဆရာက အခြေခံ လူတန်းစားဘက်က ဘက်လိုက်ပြီး ရေးတယ်လို့ ထင်သွားပါလိမ့်မယ်။ ကျွန်တော် ဘက် မလိုက်ပါဘူး။ ပညာတတ်တွေ၊ သူဌေးတွေ မကောင်းဘူး လို့လဲ မပြောပါဘူး။ ပညာတတ်တာ အရမ်း ကောင်းပါတယ်။ ဘယ်သူမဆို ပညာကို လိုလား ကြပါ။ ဘုရားသခင်က ငါတို့ဆုတောင်းရင် နားညောင်းမှာဘဲ၊ ဆိုပြီး နုပ် မနေပါနဲ့၊ မပျင်းပါနဲ့၊ ဘုရားက အချိန်တန်ရင် ကျွေးမှာဘဲဆိုပြီး ဆုချည်းဘဲ ဖွတ်တောင်း မနေပါနဲ့။ ကိုယ်လုပ်ရမဲ့ အပိုင်းကိုလဲ ပီပြင်အောင် လုပ်ပါ။

သမ္မာကျမ်းစာထဲမှာ ယေရိခေါ် မြို့ရိုးကို ဖြိုချတဲ့အခါ ဘုရားသခင် က လူအင်အား မပါဘဲ သူ့တန်ခိုးနဲ့ ဖြိုချနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လူမျိုးတော် ဣသရေလ လူမျိုးတွေကို မြို့ကို ခုနစ်ပါတ် ပတ်ခိုင်းပါသေးတယ်။ ဘုရားက ဖြိုချ ပေးမှာဘဲ ဆိုပြီး နုပ်နေလို့ မရပါဘူး။ လူ့ရဲ့ တာဝန်ဖြစ်တဲ့ ခုနစ်ပါတ် ပြည့်အောင် ပတ်ရပါအုံးမယ်။ ကြိုးစားတဲ့သူကို ဘုရားသခင် အလိုရှိတာ သမ္မာကျမ်း ထဲမှာ တွေ့နိုင်ပါတယ်။

**လူတိုင်း မိမိလက်နှင့် လုပ်သော အစာကို စားစေ၊ အလုပ် မလုပ်သော သူကို အစာ မစားစေနှင့်၊၊** လို့ သွန်သင်ထားပါတယ်။

ကိုယ် ကြိုးစားရဲ့သားနဲ့ နိမ့်ကျတဲ့ အလုပ်၊ သိမ်ငယ်တဲ့ အလုပ် ကို လုပ်နေရရင်လဲ၊ မရှက်ပါနဲ့။ အား မငယ်ပါနဲ့။ ဒီနေရာမှာ ဘုရားသခင် က သင့်အားဖြင့် ဘုန်းတော်ထင်ရှားစေဖို့ ဖြစ်တယ်ဆိုတာ နားလည်လိုက်ပါ။



သမ္မာကျမ်းစာထဲမှာ ယာကုပ်သား ၁၂ယောက်ထဲက နို့ညှာ ဖြစ်တဲ့ ယောသပ်ကို အစ်ကိုတွေက ကျွန်အဖြစ် ရောင်းစား ပစ်လိုက်တာဟာ လူ့အနေနဲ့ ကြည့်ရင် နာကျည်း စရာပါ။ ပေါတိဖာ မယားရဲ့ မတရား စွပ်စွဲချက် က ရှက်စရာပါ။ ဒါတွေကို အောင့်အည်း သည်းခံပြီး ရှိတဲ့နေရာမှာ ကျွန် ဘဲဖြစ်ဖြစ်၊ ထောင်သား ဘဲ ဖြစ်ဖြစ်၊ ဘုရားသခင် အစေကို ခံခဲ့တဲ့ ယောသပ် ဟာ နောက်ဆုံးမှာတော့ သူ့ကို ကျွန်လို ခိုင်းခဲ့တဲ့ တိုင်းပြည်မှာ ဒုတိယ ဘုရင်ခံ ဖြစ် သွားခဲ့ပါတယ်။

ရှင်လုကာ ၁၉း ၁၁-၂၇ ထဲက အဖြစ် အပျက်ကို ကြည့်မယ်ဆိုရင် သူဌေးကြီးက သူ့ကျွန် တွေကို ခရီးမထွက်ခင်မှာ တစ်ယောက်ကို ငွေ တစ်ပိဿာစီ ပေးပြီး ကုန်သွယ်ဖို့ စေခိုင်းခဲ့ပါတယ်။

တစ်ခြားသူတွေက အသီးသီး အမြတ် ရကြပေမဲ့ နောက်ဆုံးလူက ငွေတွေကို ဘာမှ အသုံးမချဘဲ သိမ်းထားတဲ့အခါ သူဌေးကြီးက အမျက်ထွက်ပြီး ကျွန်ကို အံသွားခဲကြိတ်ရာ နေရာကို ချပစ်ခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်တို့ကို သခင်ပေးထားတဲ့ အစွမ်း အစတွေနဲ့ ရင်းနှီးမြှုပ်နှံဖို့ သခင် စေခိုင်းနေပါတယ်။ သင့်လက်ထဲမှာ ငွေတစ်ပိဿာလောက် နည်းနည်းဘဲ ရှိကောင်း ရှိပါလိမ့်မယ်။ ကိစ္စ မရှိပါဘူး။ ရှိတာနဲ့ မြတ်အောင် လုပ်ရမှာ ကျွန်တွေရဲ့ တာဝန် ဖြစ်ပါတယ်။ မပျင်းဖို့၊ နုပ် မနေဖို့ဘဲ လိုပါတယ်။

တောင်တန်းတွေ မြင့်တယ်ဆိုတာ သူ့ထက်နိမ့်တဲ့ လွင်ပြင် တွေ ရှိနေလို့ပါ။ တကယ်လို့သာ ကမ္ဘာပေါ်မှာ တောင်တန်းတွေချည်းဘဲ ရှိနေမယ် ဆိုရင် တောင်တန်းကို မြင့်တယ်လို့ ဘယ်သူမှ ထင်ကြမှာ မဟုတ်ပါဘူး။

တောင်ကြီးတွေရဲ့ အမြင့် ဆိုတာဟာလဲ သူ့ထက် အဆပေါင်းများစွာ နိမ့်တဲ့ ပင်လယ် ရေမျက်နှာပြင် နဲ့ နှိုင်းယှဉ် တိုင်းတာလို့ မြင့်မှန်း သိခဲ့ကြတာပါ။ တကယ်လို့ ကမ္ဘာပေါ်မှာ တောင်ကြီးတွေဘဲ ရှိနေခဲ့မယ်ဆိုရင် ဘယ် တောင် ဘယ်လောက် မြင့်မှန်း ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။

ကိုယ့်ထက် နွမ်းပါးတဲ့ သူရှိမှ၊ ကိုယ် ပြည့်စုံမှန်း သိနိုင်ပါတယ်။ တကယ်လို့သာ ကမ္ဘာပေါ်မှာ လူတိုင်း တန်းတူ ပြည့်စုံပြီး ကြွယ်ဝ ချမ်းသာ နေကြရင် (သို့) လူတိုင်း တန်းတူ ကုန်ကောက်စရာ မရှိအောင် ဆင်းရဲမွဲတေ တော်မွတ် နေကြရင် ဘယ်သူ ချမ်းသာတယ်၊ ဘယ်သူ ဆင်းရဲတယ် ဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။

ထိုနည်းတူပါဘဲ၊ ပညာမဲ့ တွေရှိမှ ပညာတတ် ဆိုတာ ထင်ပေါ်နိုင် တာပေါ့။ တကယ်လို့သာ တစ်ကမ္ဘာလုံးမှာ ပညာတတ်တွေချည်း ဖြစ်နေမယ် ဆိုရင် ဘယ်လို ထင်ပေါ်ပြီး ဘယ်လိုလုပ် အလုပ် တွင်ကျယ်နိုင်တော့မှာလဲ။

နိဂုံးချုပ် ရေးပြရရင်တော့ – သူတပါးထက် သင်က သာ နေလို့ အောက်ခြေလွတ် စရာ၊ ဝါကြွား စရာ၊ မောက်မာ စရာ၊ မာန်တက် စရာ၊ ထောင်လွှား စရာ ၊ မာနကြီး စရာ မလို ပါဘူး။

သူတပါးထက် သင်က နိမ့်ကျ နေလို့ သိမ်ငယ် စရာ၊ စိတ်ဓါတ်ကျ စရာ၊ ဝမ်းနည်း စရာ၊ အားငယ် စရာ၊ စိတ်ပျက် စရာ မလိုပါဘူး။

လူတိုင်းမှာ ဘယ်သူနဲ့မှ မတူတဲ့ အားနည်းချက် နဲ့ အားသာချက် ကိုယ်စီ ရှိကြပါတယ်။ အဲဒီ အရည်အချင်းတွေကိုသာ အကျိုးရှိရှိ အသုံးချပြီး လူ့ ပတ်ဝန်းကျင်မှာ ဝင်ဆန့်ဖို့နဲ့ ဘုရားဘုန်းတော် ထင်ရှားအောင်လုပ်ဖို့ လူတိုင်း မှာ တာဝန် ရှိပါတယ်။

**ယေရှာယ ၁၁း၆-၉ – တောခွေးသည် သိုးသူငယ် နှင့်အတူ နေလိမ့်မည်၊၊ ကျားသစ်သည် ဆိတ်သူငယ် နှင့်အတူ အိပ်လိမ့်မည်၊၊ နွားသူငယ်၊ ခြင်္သေ့သူငယ် ဆူအောင်ကျွေးသော အကောင် တို့ သည်၊ အတူ သွားလာကြ၍ လူ သူငယ်သည် သူတို့ ကို ပိုးဆောင် လိမ့်မည်၊၊ နွားမနှင့် ဝံမသည် အတူကျက်စား ၍ သူတို့ သားငယ်များသည် အတူ အိပ်ကြလိမ့်မည်၊၊ ခြင်္သေ့ သည်လည်း နွားကဲ့သို့ မြက်ကို စားလိမ့်မည်၊၊ နို့စို့ သူငယ် သည်လည်း မြွေဆိုးတွင်းပေါ်မှာ ကစားလိမ့် မည်၊၊ နို့ကွာသော သူငယ် သည်လည်း မြွေဟောက် တွင်း၌ မိမိလက်ကို သွင်းလိမ့်မည်၊၊**

**ငါ၏ သန့်ရှင်းသော တောင်တပြင်လုံး၌ အချင်းချင်း ညှဉ်းဆဲခြင်း၊ ဖျက်ဆီး ခြင်းကို မပြုရကြ၊၊ အကြောင်းမူကား ပင်လယ်ရေ သည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီး သည် ထာဝရဘုရားကို သိ ကျွမ်းခြင်း ပညာနှင့် ပြည့်စုံလိမ့်မည်၊၊**

ဒီ သဘောတရားတွေကို သိထား၊ နား လည်ထားရင် အထက်က ဖော်ပြခဲ့တဲ့ သမ္မာ ကျမ်းစာထဲမှာပါတဲ့ ခြင်္သေ့က မြက်ကို စားတဲ့ ခေတ်၊ မြွေဆိုး တွင်းထဲကို ကလေး သူငယ်က လက်နဲ့ နှိုက်ပေမဲ့ မြွေပေါက် မခံရတဲ့ ခေတ်၊ ကျား နဲ့ သမင် အတူတူ ကစားတဲ့ ခေတ် (သို့) ကောင်းကင်ဘုံ အသေးစားလေး ကျွန်တော်တို့ ဝန်းကျင် ထဲမှာ၊ အသင်းတော် ထဲမှာ၊ မိသားစုထဲမှာ၊ ကုမ္ပဏီထဲမှာ၊ အပေါင်းအသင်းတွေ ထဲမှာ ဘွားကနဲ ပေါ် လာမယ်ဆိုတာ မြေကြီး လက်ခတ် မလွဲ သေချာတယ်လို့ ကျွန်တော် ရဲရဲကြီး အာမခံ ရဲပါတယ်ဗျာ။ ။(သာမာန်လူ)

oooooooooooooooooooooooooooooooooooooo

## သစ္စာသည်သာ

မိုးတွေ တဖွဲဖွဲ ရွာနေတဲ့ နံနက်ခင်း တစ်ခုမှာ ဘုရားကျောင်းသွားဖို့ တုန့်ဆိုင်းနေတဲ့ ခြေလှမ်းတွေကို ဟန့်တားရင်း ဘတ်စ်ကားပေါ် တက်လိုက်မိပါ တော့တယ်။ သွားရမဲ့ ခရီးက ကားခ တစ်ကျပ် (စင်ကာပူငွေ တစ်ဒေါ်လာ) ကျော် ကျမယ်လို့ ထင်မိပေမဲ့ ကားဆရာကို မမေးဘဲ ၊ ငွေ တစ်ကျပ်ကို ကား ဆရာ ဘေးနားက ငွေအကြွေထည့်တဲ့ ခွက်ထဲ ထည့်ပြီး ကားပေါ် စီးနင်း လိုက်ပါ လာခဲ့ပါတယ်။

သုံးမှတ်တိုင်လောက် မောင်းလာပြီးတဲ့အခါ လက်မှတ်စစ်နဲ့ တွေ့ရပါ တော့တယ်။ လက်မှတ်ပြပြီး ဆက်စီးလာခဲ့ပါတယ်။ နောက် နှစ်မှတ်တိုင်လောက်

ရောက်တဲ့အချိန်မှာ ကားပေါ်က မဆင်းသေးတဲ့ လက်မှတ်စစ်က "ဘယ်သွားမှာလဲ" လို့မေးလာပါတယ်။ **City hall** "စီးတီး ဟော သွားမယ်" လို့ ပြန်အဖြေမှာ လက်မှတ်စစ်က ကားခ နောက်ထပ် တစ်ကျပ်ဆယ်ပြား တောင်းပါတယ်။ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားပါတယ်။ ဘာလို့ ထပ်ပေးရမှာလဲ၊ စီးတီးဟော အထိ ကားခ ဘယ်လောက်လဲ ဆိုတာ သိချင်လာလို့ မေးလိုက်မိပါတယ်။ လက်မှတ်စစ်က စိတ်မရှည်စွာနဲ့ "မင်းထည့်တဲ့ တစ်ကျပ်က ကုန်သွားပြီ၊ နောက် လက်မှတ်တစ်စောင် ထပ်ဝယ်ရမယ်"လို့ ပြောလိုက်တဲ့အတွက် တစ်ကျပ် ဆယ်ပြား ထပ်ပေးလိုက်ရပါတယ်။

တစ်ကျပ် ကျော်လျှင်လဲ ပြားခုနှစ်ဆယ် လောက်သာ ကျော်မှာဖြစ်ပေမဲ့ တစ်ကျပ်ဆယ်ပြား ထပ်ပေးလိုက်ရလို့ စိတ်ထဲတမျိုးကြီး ဖြစ်နေတဲ့အတွက် ကားသမားကို သွားမေးလိုက်တဲ့အခါ ကားသမားက ပြုံးစိစိနဲ့ တစ်ကျပ်ကျော် သာကျမှာ ဖြစ်ပေမဲ့ မှတ်တိုင်ကျော် စီးတဲ့အတွက် နောက်လက်မှတ် တစ်စောင်အတွက် ပိုပေးရတာဖြစ်ကြောင်း၊ နောက်နောင်တွေမှာ မသိရင် မေးပြီးမှ စီးသင့်ကြောင်း ရှင်းပြပါတယ်။ စိတ်ထဲမှာ မကျေနပ်တဲ့စိတ်တွေ ပျောက်ပြီး ကိုယ့်ကိုယ်ကို ရယ်ချင်စိတ် ပေါက်သွားမိပါတယ်။ အဲဒီ နောက်မှာတော့ သင်ခန်းစာ တစ်ခုကို ခိုင်ခိုင်မာမာ ရလိုက်ပါတော့တယ်။

ဘာမှ မပြောပလောက်သော အရာလို့ ထင်ရပေမဲ့ သေးငယ်သော အမှုကိုပင် ကရုစိုက်၍ သစ္စာရှိ စေချင်သော ဘုရားသခင်ရဲ့ ဖြောင့်မတ် မှန်ကန်ခြင်းနှင့် သစ္စာရှိခြင်းကို ချီးမွမ်းမိပါတော့တယ်။

ကျွန်ုပ်တို့ရဲ့ နေ့စဉ်အသက်တာမှာ အမြဲတမ်း ရင်ဆိုင်ကြုံတွေ့ နေရတာကတော့ မသိစိတ်နဲ့ သိစိတ် တိုက်ပွဲဝင်နေခြင်းဘဲ ဖြစ်ပါတယ်။ သိသိကြီးနဲ့ မှားယွင်းပြီး လုပ်ခဲ့မိတဲ့အရာတွေ၊ မသိသလိုနဲ့ ခံလိုက်ရတဲ့ အရာတွေ၊ နေ့စဉ်နှင့်



အမျှ ဘယ်လောက်များ ကျွန်ုပ်တို့ ပြုလုပ်ခဲ့ပြီးပြီလဲဟု တွေးမိလာပါတယ်။ တစ်ကျပ် ပြားနှစ်ဆယ် လောက်ဘဲ ကျရမဲ့ ခရီးကို ဘာမှ မဖြစ်လောက်ပါဘူးလို့ သိ သလိုလိုနှင့် တစ်ကျပ်ဘဲ ပေးပြီး ခပ်တည်တည် နဲ့ စီးလိုက်တဲ့အခါ ဒဏ်ငွေ တပ်ခံ ထိတော့မှ တကယ်ကုန်သင့်တာထက် အဆပေါင်းများစွာ ပြန်လျော်လိုက်ရတဲ့ အဖြစ်မျိုး ဘယ်လောက်ထိ ကြုံတွေ့နေရအုံးမှာလဲ။

( ၁ကော ၁၀း ၁၃ – က ) ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဖြစ်၍ ကျွန်ုပ်တို့ ယုံကြည်သူများကိုလည်း ဖြောင့်မတ်ရန်၊ သစ္စာရှိရန် အလိုရှိပါတယ်။ ယုံကြည်သူ အချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင်လဲ ဖြောင့်မတ်၍ သစ္စာရှိရန် ဘုရားသခင် အလိုရှိပါတယ်။ ကျွန်ုပ်တို့ နေ့စဉ် ကြုံတွေ့ရမဲ့ အသက်တာထဲမှာ "ရေများ ရေနိုင်၊ မီးများ မီးနိုင်" "ဘယ်သူ သေသေ ငတေ မာရင် ပြီးရော" ကိုယ် ကောင်းစားရေးအတွက် ဘာကိုမှ မငဲ့ကွက်၊ သူတပါးကို နင်းချေ၊ ရာထူး ရရေးအတွက် တစ်ဦးအပေါ် တစ်ဦး မသိ သလို၊ သိသလိုနဲ့ နေနေတဲ့ ကျွန်ုပ်တို့ လူသားများ၊ ကျွန်ုပ်တို့ ပြုသော ဆိုးကျိုး များရဲ့ နောက်ကွယ်မှာ ပေးဆပ်ရမဲ့ အဆပေါင်းများစွာသော ဆုံးရှုံးမှုတွေကို သတိပြုမိစေချင်ပါတယ်။

အခွန်ခံ ဇက္ကဲ ဟာ ဘယ်သူကမှ မတိုက်တွန်း၊ တရား မဟောရပါဘဲ သူ မတရား ကောက်ခံထားတဲ့ အခွန်ငွေတွေကို လေးဆ ပြန်ပြီး လျော်ဖို့ သူ့စိတ်က သူ့ကို ပြန်နှိုးဆော် သတိပေးတာကို ခံစားရတယ် ဆိုတာ သမ္မာကျမ်းထဲမှာ တွေ့နိုင်ပါတယ်။

**No accident in GOD.** ဘုရားသခင်၌ မတော်တဆ ဖြစ်ပျက်မှုများ မရှိပါဘူး။ တစ်ချို့သော သူများက အသေးအဖွဲ အမှုလေးတွေကို ဘုရားသခင် ဆီမှာ ဆုတောင်းတဲ့အခါ "မလိုအပ်ဘဲ ဘုရားကို တိုင်တည် ဆုတောင်းတာ လွန်လွန်းတယ်၊ ဒီပြဿနာလေးက ဘုရားနဲ့ ဘာဆိုင်လို့လဲ ၊ ဘုရားက ဒီလို မပြောပလောက်တဲ့ ကိစ္စတွေကို စိတ်မဝင်စားပါဘူး" လို့ ပေါ့ပေါ့ဆဆ ပြောတတ်ကြလို့ မသိမသာ ဆုံးရှုံးမှုတွေကို ခံရအုံးမှာဖြစ်ပါတယ်။

ဒီလို ရှုပ်ထွေးနေတဲ့ လောကကြီးထဲမှာ လောကအလင်းကို ဆောင်ရန်၊ ပုပ်စပ်မှုများကို ရှောင်ရန်၊ သတင်းကောင်းကို ဆောင်ဖို့ရန် ယုံကြည် သူများကို သစ္စာရှိသော သူများအဖြစ် ဘုရားသခင်က ထားရှိပါတယ်။

ကြီးသော အမှုကို မဆိုထားနှင့်၊ မည်မျှပင် သေးငယ်သော အမှုပင် ဖြစ်ပါစေ၊ သစ္စာရှိ၍ မှန်ကန်သောဘက်မှ ရပ်တည်သောသူများဖြစ်ဖို့ ဘုရားသခင် အလိုရှိပါတယ်။

စင်ကာပူ မှာကတော့ ဒီလိုပါဘဲ၊ လူတိုင်း ဒီလို နေနေကြတာဘဲ ( ဘွဲ့လက်မှတ်၊ အောင်လက်မှတ် အတုလုပ်တာ၊ လက်မထပ် ရသေးခင် အတူတူ နေထိုင်တာ၊ အိမ်ထောင်ရေးဖောက်ပြန်တာ၊ အပျော်မယား ထားတာ၊ အပျော်လင် ထားတာ၊ ငွေ လိမ်တောင်းတာ ) လို့ဆိုပြီး ထင်သလို အသက်ရှင်မဲ့အစား၊ ဘယ်အရာက ဘယ်လို ပျက်နေတယ်၊ ဘယ်လို ပြုပြင်ရမယ် ဆိုတာကို သိပြီး မှန်ကန်တဲ့ ဘက်က ရပ်တည် အသက်ရှင်သော သူများ ဖြစ်ဖို့ လိုအပ်ပါတယ်။

**လုကာ ၁၆း၁၀ – အနည်းငယ်သော အမှု၌ သစ္စာရှိသော သူသည် ကြီးသော အမှု၌လည်း သစ္စာရှိ လိမ့်မည်။ အနည်းငယ်သော အမှု၌ သစ္စာ မရှိသော သူသည် ကြီးသော အမှု၌လည်း သစ္စာ မရှိ။**

ဘုရားရှင်ဟာ သူ့ရဲ့ ကယ်တင်ခြင်း လုပ်ငန်းကြီးကို အကောင် အထည် ဖော်ဖို့ရန် သစ္စာရှိသော ချစ်သူနှစ်ဦးဖြစ်တဲ့ ယောသပ် နှင့် မာရိ ကို အသုံးပြုခဲ့ပါတယ်။ ခရစ္စမတ်ကြီး ဖြစ်ပေါ်လာဖို့ရန်၊ လူသားထု တစ်ရပ်လုံး ဝမ်းမြောက် ပျော်ရွှင်ဖို့ရန် ကြီးမားတဲ့အမှုကို အမျိုးသမီးကညာ မာရိ အား ပေးအပ်၍ စေခိုင်းခဲ့ပါတယ်။ မာရိ ရဲ့ သစ္စာရှိမှုနဲ့ ဘုရားသခင်ရဲ့ စကားကို နာခံမှုတို့ကြောင့် ဘုရားရှင်ရဲ့ ကြီးမြတ်သော အမှုတော်ကြီး ပြီးမြောက် ပြည့်စုံခဲ့ပါတယ်။

**ကြည့်ရှုလော့၊ သတို့သမီး ကညာသည် ပဋိသန္ဓေ စွဲယူ၍ သား ယောကျ်ား ကို ဖွားမြင် လတ္တံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့် မှည့်ရလတ္တံ့။ ဟေရှာယ ၇း၁၄ (ခ)**

မာရိရဲ့ အသက်တာကို ကြည့်ရင် သူဟာ ဘုရားသခင် ပေးအပ်တဲ့ တာဝန်ကို ခက်ခက်ခဲခဲ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ မည်မျှပင် ခက်ခဲ စေကာမူ၊ မာရိ နဲ့ ယောသပ်တို့ဟာ ချစ်သူ ဘဝမှာပင် သစ္စာရှိကြသော သူများ ဖြစ်ကြတဲ့အတွက်ကြောင့် ဘုရားသခင်ရဲ့ ယုံကြည်စိတ်ချမှုကို ခံခဲ့ရပါတယ်။ ကြီးမားသော အမှုကို ဆောင်ဖို့ အပ်နှင်းခြင်း ခံရစဉ် မာရိဟာ လုကာ ၁း၃၈ မှာ –

**အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မ ဖြစ်ပါ၏။ ကိုယ်တော်၏ စကား အတိုင်း အကျွန်ုပ်၌ ဖြစ်ရပါစေသော။** လို့ဝန်ခံပြီး ဘုရားသခင် ပေးအပ်တဲ့ ကယ်တင်ခြင်း သတင်းစကားကို ဆောင်ဖို့ ချစ်သူနှစ်ဦး တာဝန်ယူ၍ လုပ်ဆောင်ခဲ့ကြပါတယ်။

ဘုရားရှင်ဟာ ကျွန်ုပ်တို့ ယုံကြည်သူ အယောက်တိုင်းကို သစ္စာရှိ၍ ဖြောင့်မတ်သော သူများ ဖြစ်ဖို့ရန် အလိုရှိပါတယ်။ ကျွန်ုပ်တို့ အယောက်စီတိုင်း မိမိတို့ ရှိနေတဲ့ နေရာမှာ ကျွန်ုပ်တို့ရဲ့ ဖြောင့်မတ်မှု၊ သစ္စာရှိမှုနဲ့ အသက်ရှင်ပြပါ။ ဒီလိုဆိုရင် စကားတစ်ခွန်းမှ ဆိုစရာ မလိုဘဲ၊ သင်ဟာ ခရစ်ယာန် ဖြစ်တယ်ဆိုတာကို သင့် ပတ်ဝန်းကျင်၌ ရှိသော လောကီသားများ အလွယ်တကူ သိနိုင်ပြီး သင့်အားဖြင့် လောကကြီးအား အလင်းတရား ပေးနိုင်ပါလိမ့်မယ် လို့ မေတ္တာဖြင့် ဝေငှလိုက်ပါတယ်။ ။ ( ထာဝရဘုရား ၏ ကျွန်မငယ် )

MIN AUNG THET LWIN, Blk 76A , #30-02 Red Hill Road ,
S'PORE 151076 ( email ; min_atl@yahoo.com.sg)
မင်းအောင်သက်လွင် စီစဥ် ထုတ်ဝေသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )